
ปก





สำนักพิมพ์...เซ่กกูไล่ไล่ส่านป

ฉบับพิมพ์ปี..2019

จำนวนหน้า...372

เล่ม รวม 2


**ธรรมเนียมประเพณีพื้นบ้านต่างๆของเมียนมา**

# ကျေးလက်ရိုးရာ မြန်မာ့မင်္ဂလာ ဓလေ့များ

ဆင်ဖြူကျွန်းအောင်သိန်း


ผู้เขียน-ติ่น-หม่องหม่องแดง


တတိယအကြိမ်-နှစ်တွဲပေါင်း

ပကါ


ကျေးလက်ရိုးရာမြန်မာ့မှုဓလေ့များ၊ သင်ဖြူကျွန်းအောင်သိန်း

မျက်နှာဖုံးပန်းချီ - တော်တီဆွေ

စာမျက်နှာ ၃၇၇+ မျက်နှာ၊ ၁၂.၈စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း၊
၂၀၁၉၊ ဇွန်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၂ စိတ်ကူးချိုချို၏ ဒုတိယအကြိမ်နှစ်တွဲပေါင်းမူ

ရောင်းဈေး ၄၀၀၀ ကျပ်



*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

အခန်း (၁)

# ဘဝနိဒါန်း

## (က) ရက်ချုပ်


ရက်ချုပ်ဟူသည် လူတစ်ယောက် မွေးဖွားသည့် ခုနှစ်၊ လ၊ ရက်၊ နေ့နှင့်အချိန်နာရီများကို အတိုချုပ်ရေးမှတ်ထားသော အရာဖြစ်၏။ ထိုရက်ချုပ်ကို အများအားဖြင့် "ကျီးမနား" ထန်းရွက်ပေါ်တွင် ရေးမှတ်လေ့ရှိကြသည်။

ထိုဓလေ့သည် မြန်မာနိုင်ငံတွင် စက္ကူသုံးစွဲမှု မတွင်ကျယ်မပျံ့နှံ့သေးမီက များစွာတွင်ကျယ်ခဲ့ပေသည်။ ကလေးအဖေသည် မိမိ၏ သားသမီးတစ်ယောက် မွေးဖွားသည်နှင့်တစ်ပြိုင်နက် နာရီရှိသော ဘုန်းတော်ကြီးကျောင်းသို့ဖြစ်စေ၊ နာရီရှိသော သူကြီးအိမ်၊ မြေပိုင်ရှင်အိမ်သို့ဖြစ်စေ အပြေးအလွှားသွားကာ အချိန်နာရီကို မေးမြန်းမှတ်သားထားသည်။

ထို့နောက် စာရေးသားမှု၌ ကျွမ်းကျင်သူထံသို့ ချဉ်းကပ်ကာ မိမိမှတ်သားထားသော အချိန်နာရီနှင့် နေ့ရက်တို့ကို ပေးအပ်ပြီး ရက်ချုပ်ကလေးပြုလုပ်ပေးပါရန် တောင်းပန်လေသည်။

ရက်ချုပ်ရေးတတ်သူသည် တစ်စုံတစ်ရာသော အခကြေးငွေကိုမျှမတောင်းခံဘဲ အသင့်ထားရှိသော ထန်းရွက်ပေါ်တွင် ကညစ်ဖြင့် ရေးသားပေးလေ့ရှိသည်။ ထန်းပင်တွင်ရှိသော အလက်များသည် ဘေးသို့ပြန့်ကားနေသောကြောင့် ကျီးနားနိုင်သည်။ ထောင်မတ်နေသော အညွန့်ပေါ်တွင်မူ ကျီးမနားနိုင်ချေ။ ထို့ကြောင့် ကျီးမနားထန်းရွက်သည် အမြင့်အမြတ်သဘောသက်ဝင်သည်ဟု ယူဆကြ၏။ လူတစ်ယောက်၏ ထူးခြားသောမွေးနေ့အချိန်အခါကိုလည်း မြင့်မြတ်သောအရာပေါ်တွင်သာ ရေးမှတ်ခြင်းဖြင့် သက်ဆိုင်သူတွင် မင်္ဂလာကျက်သရေတိုးလိမ့်မည်ဟု အယူရှိကာ ကျီးမနားထန်းရွက်ပေါ်တွင် ရေးမှတ်ခြင်းဖြစ်ပေ၏။

## ရက်ချုပ်



ထန်းလက်ကြီးမှ ဖြာထွက်နေသော ထန်းရွက်တွင် အကြောများပါရှိသည်။ အကြောများ၏ ဝဲယာတွင် ထန်းရွက်အသားများရှိသည်။

ထန်းရွက်ထန်းဖူးကို ခူးယူပြီး၊ ပိပြားအောင်ဖိခြင်း၊ နေလှန်းခြင်းပြုလုပ်သောအခါ ပုရပိုက်ကို ချထားသကဲ့သို့ အထပ်လိုက် ပိပြားသွားတော့သည်။ ထန်းရွက်ကြောတစ်ခုကို ထန်းရွက်အသားနှစ်ဖက်မှာ ပူးတွဲလျက်နေလေ့ရှိသည်။

ရက်ချုပ်ရေးသူသည် ရက်ချုပ်ရေးသားရန် ထန်းရွက်တစ်ထွာခန့်ကို ဓားဖြင့်လှီးယူလိုက်သည်။ ထန်းရွက်အသား နှစ်ချပ်သည် အကြောနှင့်တွဲလျက် ပါလာသည်။ ရက်ချုပ်ထန်းရွက်၏ ပုံသဏ္ဍာန်မှာ သားလှီးဓားငယ်နှင့် ဆင်တူသည်။ အရိုး၏နေရာသည် ထန်းရွက်ကြောဖြစ်ပေသည်။

ရက်ချုပ်ထန်းရွက်ပေါ်တွင် အများအားဖြင့် ရေးမှတ်ထားပုံမှာ အောက်ပါအတိုင်း ရှိတတ်လေသည်။

"ဧယျတု။ ။ကောဇာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ် နှောင်းတန်ခူးလဆန်း ၃ ရက်နေ့ ၃ဂ်ါနေ့ည စက်နာရီ ၁၁ နာရီ မိနစ် ၃၀၊ ၁၅ စက္ကန့်တွင် မာတာမိခင် သတို့သားကို ဖွားသန့်စင်သည်၊ အမည်သညာ ခေါ်စရာကား မောင်စံအေး။ အသက် ၁၂၀ရှည်စေသော်ဝ်"

ထန်းရွက်အသား နှစ်ရွက်ပူးနေသော ထိုရက်ချုပ်ကို အရိုးမှကိုင်ပြီး အိမ်ခေါင်းရင်း ထရံ သို့မဟုတ် အိမ်အမိုးတွင် ထိုးထားကာ ငွေကြေးအဆင်ပြေချိန်တွင် ဇာတာဖွဲ့ခိုင်းကြလေသည်။ ထိုသို့ သူတစ်ပါးအား အရေးအမှတ်ခိုင်းရခြင်းမှာ ထန်းရွက်ပေါ်တွင် ကညစ်ဖြင့်မရေးတတ်သောကြောင့် ဖြစ်ပေ၏။ စက္ကူ၊ ခဲတံ၊ ဖောင်တိန်နှင့်ဘောပင် အသုံးတွင်ကျယ်သည့်အခါတွင် ထိုဓလေ့မှာ ကွယ်ပျောက်လုနီးပါးရှိနေပေပြီ။ ။

## (ခ) ဇာတာ

အင်းဝခေတ်စာဆို သျှင်မဟာရဋ္ဌသာရ (၈၃၀–၈၉၂) သည် ဗေဒင်ကိုလည်းကောင်း၊ လက္ခဏာပညာကိုလည်းကောင်း ယုံကြည်တော်မမူချေ။ ယုံကြည်မှုကင်းမဲ့ပုံကို ...

"လိုက်လေလိုက်လေ ငတ်မပြေသည်၊ ပန်းခြေလက်ချထောက်ချင်တသို့၊ မွေးဘချီးမွမ်း တိတ္ထိကျမ်းကို စွဲလမ်းအယူ သင်သောသူသည် ထို့တူလည်းကောင်း ဖြစ်ရာရှောင်း၏။ လမ်းကြောင်းမတွင် ထိုဗေဒင်ကား ပါယ်ခွင်လည်းလား ခြောက်ပါးနတ်ရွာ ဗြဟ္မာနှစ်ဆယ် မဂ်လေးသွယ်သို့ ရောက်ဖွယ်အကြောင်း ကင်းစွာရှောင်း၏။ တွင်းခေါင်းလွှာလွှာ အကာပြို့ပြို့ အနှစ်မဲ့တည်း။" (စတုဓမ္မသာရ ကိုးခန်းပျို့ ပိုဒ်ရေ (၃၃) တွင် ရေးဖွဲ့ခဲ့သည်။)

ဤသို့ဖြင့် အလေးအနက်ရှုတ်ချတော်မူခဲ့၏။

ထိုပျို့ အပိုဒ် ၁၁၇တွင်လည်း .....

"သည်ကားငယ်က သည်ကြီးမှဟု နှစ်လပေါင်းခြုံ နေ့ရက်ပုံဖြင့် တစ်စုံတစ်ရာ လက်ခြေမှာဋ္ဌ သေစာသေဟိတ် နိမိတ်ထင်လင်း မရှိလျှင်းခဲ့။ သက်ကြွင်းနှောင်လာ မျှစဉ်ခါဝယ်" ဟူ၍ လက္ခဏာပညာ ခါတွက်တော်မူပြန်၏။

သို့ရာတွင် ရှေးမြန်မာများအနက် အများစုသည် .....

"သာမ၊ ယဇု၊ ဣရုဗေဒင် သုံးပုံမြင်၍ လျှောင်တော်လည်း စနည်း တဘောင် တိမ်တောင်နိမိတ်ပြောက် စို့ရောက်တမ်းခွန်၊ လှည့်ဖန်နက်သတ် နေကြတ်စဉ်းနှာ ဥက္ကာပျံသန်း၊ လဝန်းတာရာ ချဉ်းနင်းလာသား၊ သုဘာသုဘ ဖတ်ထနိမိတ်၊ ရှစ်စိတ်ကာလ ပဋ္ဌစွေခါ နမန္တာနှင့် ရုဋ္ဌာမဏိ ခိုင်ညှိအဌ္ဌ ဒွါဒသဟု သွယ်ချနှစ်ကွဲ ပြည်ထဲ ပြည်လာ သာမသာက တံထွာဟိန်းခန်း ဓာတ်ဆန်း ဓာတ်ပျက် နရစက်သူယုတ်

ပေါ်ငုပ်နံ့စံ မြေခံတိထိ ယာယီနဂိုရ် နှင်ဖြိုရန်ဘေး ဦးဆေးမင်္ဂလာ ရာမရာက စသည်လေ့ကျက် တွက်ချက်ပြုစု ဇာတာမှုလည်း မိတ္တူ–ဆည်–တိုင် ခိုင်မခိုင်ကို စွဲကိုင်ပညာ ရှုပြီးစွာမှ၊ ဂေါဇာဂေါဝိန် ဂြိုလ်သွားချိန်လျက် ဆတ္တိ တြင်းနဝင်းကိုးဆစ်တစ်ရာ့ရှစ်တွင် စိစစ်ဖွေဖော် လျော်မလျော်ကို ကြည့်မြော်နှိုးချက် နှစ်–လရက်ဖြင့် ဖြစ်ပျက်ပိုင်းခြားစည်းနှယ်သား၏။ စကားရေးစဉ် စီလျဉ်မှတ်မိ ဣတ္ထိပုရိသ ကာလကဏ္ဍီ လက္ခီလက္ခဏာ ဆမာဒေသ သဒ္ဒနိကာယ် နံ့ကျယ်မန္တန်" ဟု ကိုးခန်းပျို့ပိုဒ်ရေ (၆) တွင် တွေ့ရပေရာ အယုံအကြည်ရှိသည်ကို တွေ့ရသည်။


မင်းတရားရွှေထီး၏ ယောက်ဖတော်လောင်းသည် ဘုရင့်အစ်မတော်နှင့်ရည်ငံမိ၏။ မင်းပြစ်သင့်မည်စိုး၍ တိမ်းရှောင်နေရာမှ နန်းတော်သို့ဝင်ပြီး သူ့ဇာတာကို ဆက်၏။ မင်းဖြစ်မည့် ဇာတာပါသောကြောင့် ရာဇဝတ်ဘေးမှကင်းလွတ်ကာ သခင်ကြီးနှင့်လက်ဆက်ခွင့်ရသည်ဟု ကြားနာ မှတ်သားဖူးပါသည်။

ဇာတာဟူသည် လူတစ်ယောက်၏ မွေးဖွားချိန်မှ သေချိန်အထိကြားကာလတွင် ဖြစ်ပျက်မည့်အကြောင်းအရာတို့ကို ဖော်ပြထားသည့်အရာဟု သတ်မှတ်ကြ၏။ ထို့ကြောင့် မြန်မာများသည် ဇာတာဖွဲ့ရန်လိုလားကြ၏။ အလျင်အမြန်ရေးမှတ်ထားခဲ့သော ရက်ချုပ်ကလေးကို ငွေကြေးအဆင်ပြေချိန်၌ ဇာတာဖွဲ့တတ်သူထံ သွားရောက်အပ်နှံကြ၏။

ဗေဒင်ဆရာသည် ရှေးဦးစွာ အသင့်စုဆောင်း ပြင်ဆင်ထားသော ထန်းရွက်များကို ထပ်ပြီး ကြိုးဖြင့်ချုပ်၏။ လှပသောပုံပန်းရရန်လိုးဖြတ်၏။ ထန်းရွက်များကို အထပ်ထပ်ပြုရခြင်းမှာ ပေကဲ့သို့ မခိုင်ခံ့သောကြောင့်ဖြစ်၏။ နောင်အခါတွင်ကား အထပ်များများထပ်၍

အဖုံးအပိတ်များဖြင့် မွမ်းမံသည့် ကြေးကြီးသော ဇာတာများကို လုပ်ဆောင်လာကြ၏။

ဇာတာချုပ် တစ်ဖက်မျက်နှာတွင် ဇာတာရှင်၏ မွေးချိန်ကာလကို ဖော်ပြထား၏။ ဖော်ပြပုံမှာ ရက်ချုပ်မှာထက် တိကျပြည့်စုံ၏။ "ခု၊ လ၊ ရက်၊ နာရီသာမက ဖဝါးဗီဇနာများအထိပါဝင်ပြီး အသက် ၁၂၀ ရှည်စေသော်ဝ်" ဖြင့် အဆုံးသတ်ထား၏။



ဇာတာ

ကျန်သော မျက်နှာဘက်တွင် လက်ဝဲဘက်၌ စက်ဝိုင်းတစ်ခု လက်ယာဘက်၌ ပြာသာဒ်ပုံ ပန်းဆိုင်းပုံကဲ့သို့သောအရာများ ရေးခြစ်ထားပေသည်။ စက်ဝိုင်းပုံကို အစိတ်များစိတ်ထားပြီး ၁၂ ရာသီခွင် ဂြိုလ်နေဂြိုလ်ထားများကို ဖော်ပြထားသည်။ လက်ယာဘက်ရှိ ပုံများတွင်မူ "စင်နက္ခတ်" ခေါ်သောအရာများကို ထည့်သွင်းဖော်ပြထားပေ၏။

မြန်မာတို့သည် ဇာတာကို "ဇာတာခြင်း" တွင်ထည့်ကာ မြင့်သော မြတ်သောနေရာ၌ ထားတတ်၏။ လူတစ်ယောက် မကျန်းမာလျှင် လူနာ၏ဇာတာကို ဗေဒင်ဆရာထံ ယူဆောင်သွားကာ ဗေဒင်မေးတတ်၏။ ဗေဒင်ဆရာညွှန်ကြားသော ယတြာများပြုတတ်သည်။

အချို့ကမူ ကျန်းမာပါလျက်နှင့် စီးပွားလာဘ်လာဘကို လိုသောကြောင့် ဇာတာစစ်ဆေးသည် အမည်ခံကာ ဗေဒင်မေးတတ်ကြသေး၏ ။

ချစ်သူနှစ်ဦးသည် မည်မျှချစ်ကြင်နာငြား လက်မထပ်ရသေးပါ။ လူကြီးချင်း အဘယ်မျှသဘောတူနေစေကာမူ အတည်မဖြစ်သေးပါ။ ချစ်သူနှစ်ဦး၏ ဇာတာကို ဗေဒင်ဆရာအားပြသ၏။ ဗေဒင်ဆရာက ဇာတာကိုကြည့်ရှုတွက်ချက်ပြီး မသင့်မြတ်မလျော်ကန်ဟု ဆိုလိုက်ပါက ချစ်သူနှစ်ဦးမှာ ရှင်ကွဲကွဲရတော့သည်။

ဇာတာဟူသောအရာသည် မြန်မာတို့၏ လူမှုရေး၊ စီးပွားရေးတွင် များစွာခြယ်လှယ်ခဲ့ငြား၊ ယနေ့အချိန်တွင် ဇာတာထားရှိသူနည်းပါးသွားပေပြီ။ သားဖွားခန်းများ သားဖွားဆေးရုံများက ရေးပေးလိုက်သော မွေးနေ့မှတ်တမ်းကိုသာ ဇာတာချပ်၏နေရာတွင် အစားထိုး အသုံးပြုနေကြပေပြီ။ ။

❑